# မွန်ပြည်နယ်လွှတ်တော်

## မွန်ပြည်နယ်အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရှုခင်းဗေဒဥယျာဉ်ဥပဒေ

(၂၀၁၅ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄ ။)

## မွန်ပြည်နယ် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် ဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁)<br>အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ - ၂ |
| ၂။ | အခန်း(၂)<br>ရည်ရွယ်ချက်များ | ၃ - ၃ |
| ၃။ | အခန်း(၃)<br>ကော်မတီဖွဲ့စည်းခြင်း | ၃ - ၄ |
| ၄။ | အခန်း(၄)<br>ကော်မတီ၏တာဝန်များ | ၄ - ၅ |
| ၅။ | အခန်း(၅)<br>ကော်မတီ၏ လုပ်ပိုင်ခွင့်များ | ၅ - ၅ |
| ၆။ | အခန်း(၆)<br>အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်<br>တည်ထောင်ခွင့် | ၆ - ၇ |
| ၇။ | အခန်း(၇)<br>မြို့နယ်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ | ၇ - ၈ |
| ၈။ | အခန်း(၈)<br>လုပ်ငန်းလိုင်စင်ခ | ၈ - ၈ |
| ၉။ | အခန်း(၉)<br>အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်<br>လုပ်ငန်းလိုင်စင် ရသူများအား ပံ့ပိုးကူညီခြင်း | ၈ - ၈ |
| ၁၀။ | အခန်း(၁၀)<br>စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၉ - ၉ |
| ၁၁။ | အခန်း(၁၁)<br>အယူခံခြင်း | ၉ - ၁၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂။ | အခန်း(၁၂) | |
| | တားမြစ်ချက်များ | ၁၀ - ၁၀ |
| ၁၃။ | အခန်း(၁၃) | |
| | ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၁ - ၁၁ |
| ၁၄။ | အခန်း(၁၄) | |
| | အထွေထွေ | ၁၁ - ၁၂ |

# မွန်ပြည်နယ်အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်ဥပဒေ
# (၂၀၁၅ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၄ ။ )
# ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
# ( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်ဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစတင်၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာနဝန်ကြီးကို ဆိုသည်၊

(င) **ဦးစီးဌာန** ဆိုသည်မှာ ပြည်နယ်သစ်တောဦးစီးဌာနကို ဆိုသည်၊

(စ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသော မွန်ပြည်နယ်အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်ကော်မတီကို ဆိုသည်၊

(ဆ) **ညွှန်ကြားရေးမှူး** ဆိုသည်မှာ ပြည်နယ်သစ်တောဦးစီးဌာန ရုံးဝန်ထမ်းအကြီးအကဲကို ဆိုသည်၊

(ဇ) **သစ်တောအရာရှိ** ဆိုသည်မှာ ဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော ပြည်နယ်၊ ခရိုင် သို့မဟုတ် မြို့နယ်သစ်တောဦးစီးဌာန၏ အကြီးအကဲကို ဆိုသည်၊

(ဈ) **သစ်တောဝန်ထမ်း** ဆိုသည်မှာ ဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ တောကြပ်အဆင့်မှ ညွှန်ကြားရေးမှူးအဆင့်အထိ အဆင့်ဆင့်သော ဝန်ထမ်းများကို ဆိုသည်၊

(ည) **အပန်းဖြေစခန်း** ဆိုသည်မှာ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အခကြေးငွေယူ၍ အများပြည်သူတို့ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရန် နယ်နိမိတ်သတ်မှတ်ပြီး အရိပ်ရအပင်များ၊ နှစ်ရှည်စားသုံးသီးပင်များ၊ ပန်းမန်များ၊ နားနေဆောင်များ၊ ကလေးကစားကွင်းများ၊ ရှုခင်းနေရာများ၊ ရေကူးကန်များဖြင့် လှပစွာစိုက်ပျိုးတည်ထောင်ထားသော နေရာများကို ဆိုသည်။ ယင်းစကားရပ်တွင် တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်လည်း ပါဝင်သည်၊

(ဋ) **တိရစ္ဆာန်ဥယျာဉ်** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်နှင့် အခကြေးငွေယူ၍ အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့်ဥယျာဉ်ကို ဆိုသည်၊

(ဌ) **ရုက္ခဗေဒဥယျာဉ်** ဆိုသည်မှာ သဘာဝအပင်နှင့် စိုက်ပျိုးထားသောအပင်များကို ထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်နှင့် အခကြေးငွေယူ၍ အများပြည်သူကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် တည်ထောင်ထားသည့်ဥယျာဉ်ကို ဆိုသည်၊

(ဍ) **တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားသော တိရစ္ဆာန်များ၊ ငှက်များ၊ ပိုးမွှားများ၊ ရေနေသတ္တဝါများနှင့် ယင်းတို့၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း၊ ဥနှင့်ပိုးလောင်းများကို ဆိုသည်၊

(ပ) **သဘာဝအပင်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ရောက်သော အပင်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှို၊ ရေအောက်ရှိအပင်နှင့် ယင်းတို့၏ မျိုးစေ့များကို ဆိုသည်၊

(ဏ) **နေရင်းဒေသ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်းပေါက်ဖွားကျက်စားရာ နယ်မြေနှင့်အပင်များ သဘာဝအတိုင်းပေါက်ရောက်ရာ နယ်မြေတို့ကို ဆိုသည်၊

(တ) **မြို့နယ်ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၂၃ အရ ဖွဲ့စည်းသော မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်၊

(ထ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ညွှန်ကြားရေးမှူးက လုပ်ငန်းတည်ထောင်သူအား ထုတ်ပေးသည့် လုပ်ကိုင်ခွင့်ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်များကို တည်ထောင်ခြင်းဖြင့် ပတ်ဝန်းကျင်နှင့်သဘာဝ ရေမြေတောတောင် တိရစ္ဆာန်များကိုချစ်မြတ်နိုးပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ခ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များနှင့်ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊

(ဃ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စရပ်များ စနစ်တကျပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ပုဂ္ဂလိကနှင့်ဒေသခံ လူထုတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(စ) ပြည်သူလူထုအပန်းဖြေ အနားယူလေ့လာနိုင်ရန်။

## အခန်း(၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် မွန်ပြည်နယ်အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ဝန်ကြီး၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဥက္ကဋ္ဌ
ပြည်နယ်အစိုးရအဖွဲ့

(ခ) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဂ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(ဃ) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်မြေစာရင်းဦးစီးဌာန

(င) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(စ) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(ဆ) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

(ဇ) ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး အဖွဲ့ဝင်
ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

(ဈ) ပါမောက္ခ၊ ရုက္ခဗေဒဌာန အဖွဲ့ဝင်
မော်လမြိုင်တက္ကသိုလ်

(ည) ပါမောက္ခ၊ သတ္တဗေဒဌာန အဖွဲ့ဝင်
မော်လမြိုင်တက္ကသိုလ်

(ဋ) ပါမောက္ခ၊ အဏ္ဏဝါသိပ္ပံဌာန အဖွဲ့ဝင်
မော်လမြိုင်တက္ကသိုလ်

(ဌ) ခရိုင်သစ်တောအရာရှိ အဖွဲ့ဝင်
မော်လမြိုင်ခရိုင်သစ်တောဦးစီးဌာန

(ဍ) ခရိုင်သစ်တောအရာရှိ အဖွဲ့ဝင်
သထုံခရိုင်သစ်တောဦးစီးဌာန

(ဎ) ညွှန်ကြားရေးမှူး အတွင်းရေးမှူး
ပြည်နယ်သစ်တောဦးစီးဌာန

၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကော်မတီကို ဝန်ကြီး၏တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ကော်မတီသည် လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်သူသုတေသီများ၊ ပညာရှင်များကို ကော်မတီအစည်းအဝေးသို့ ဖိတ်ကြားနိုင်သည်။

## အခန်း(၄)
## ကော်မတီ၏တာဝန်များ

၇။ ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် တည်ထောင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးအတွက် ပညာပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ဃ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းပေးခြင်း၊

(င) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းပြီး ပေါင်းစပ်ညှိနှိုင်း ပေးခြင်း၊

(စ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် တည်ထောင်ရန် လျာထားသတ်မှတ်သည့် နယ်မြေကို ရက်(၃၀)ကြိုတင်ကြေညာခြင်း၊

(ဆ) ပုဒ်မခွဲ (စ)အရ ကြိုတင်ကြေညာပြီး ကန့်ကွက်မှုရှိပါက စုံစမ်းစစ်ဆေး၍ ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဇ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် တည်ထောင်မည့်နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှု အခြေအနေကို စုံစမ်းစစ်ဆေးတင်ပြရေးအတွက် မြို့နယ်ကြီးကြပ်ရေးအဖွဲ့အား တာဝန်ပေးခြင်း၊

(ဈ) ပုဒ်မခွဲ (ဇ)အရ မြို့နယ်ကြီးကြပ်ရေးအဖွဲ့၏ တင်ပြချက်အပေါ် စိစစ်ပြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများအတွက် လျော်ကြေး၊ နစ်နာကြေးနှင့်ရထိုက်သော အခွင့်အရေးများ ရရှိရန် ကူညီဆောင်ရွက်ပေးခြင်း။

## အခန်း(၅)
## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၈။ ကော်မတီသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် တည်ထောင်လိုကြောင်း လျှောက်ထားလာခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင် ခွင့်ပြုနိုင်သည်။

၉။ ကော်မတီသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင် ရရှိသူက စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးရန် မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကို တာဝန်ပေးအပ်ရမည်။

၁၀။ ကော်မတီသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင် ရရှိသူက ဤဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းတွေ့ရှိလျှင် လုပ်ငန်းလိုင်စင်ကို ပြန်လည် ရုပ်သိမ်းနိုင်သည်။

## အခန်း(၆)
## အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်တည်ထောင်ခွင့်

၁၁။ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် တည်ထောင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ညွှန်ကြားရေးမှူးမှတစ်ဆင့် ကော်မတီသို့ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားရာတွင် လုပ်ငန်းလိုင်စင်ခ ကင်းလွတ်ခွင့်ပြုရန် ထည့်သွင်းလျှောက်ထားနိုင်သည်။

၁၂။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်ခွင့်လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည် သို့မဟုတ် ကျိုးကြောင်းဖော်ပြ၍ ငြင်းပယ်နိုင်သည်။

၁၃။ ကော်မတီသည် လုပ်ငန်းလိုင်စင်သက်တမ်းနှင့်လုပ်ငန်းလိုင်စင်ခများကို သတ်မှတ်ရမည်။

၁၄။ ညွှန်ကြားရေးမှူးသည် ကော်မတီ၏တာဝန်ပေးချက်အရ လုပ်ငန်းလိုင်စင်ထုတ်ပေးရမည်။

၁၅။ ညွှန်ကြားရေးမှူးသည် ကော်မတီ၏သဘောတူညီချက်ဖြင့် -

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်တို့အတွင်း သိပ္ပံဆိုင်ရာ သုတေသန ပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကြည့်ရှုလေ့လာခြင်းနှင့်အပန်းဖြေခြင်းတို့ကို စည်းကမ်းချက်များ သတ်မှတ်ရမည်၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် အန္တရာယ်မကျရောက်စေရေးနှင့် ထိခိုက်နှောင့်ယှက်မှုများမရှိစေရေးအတွက် ဆောင်ရွက်ရန်များကို သတ်မှတ်ပေးနိုင်သည်၊

(ဂ) တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကို အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များဖြင့် အလဲအလှယ်ပြုလုပ်နိုင်ရန် လုပ်ထုံးလုပ်နည်းနှင့် အညီ ကူညီပေးနိုင်သည်။

၁၆။ ညွှန်ကြားရေးမှူးသည် တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒ ဥယျာဉ်တို့အတွင်း ကြည့်ရှုလေ့လာအပန်းဖြေသူများ လိုက်နာရမည့်စည်းကမ်းများသတ်မှတ်ပြီး အများပြည်သူသိရှိစေရန် ကြေညာထားခြင်း ရှိ၊ မရှိကို ကြီးကြပ်ရမည်။

၁၇။ ညွှန်ကြားရေးမှူးသည် မြို့နယ်ကြီးကြပ်ရေးအဖွဲ့၏ စစ်ဆေးတင်ပြချက်အရ လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ကော်မတီ၏ သဘောတူညီချက် အရ ကာလအကန့်အသတ်ဖြင့် လုပ်ငန်းလိုင်စင်ကို ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၁၈။ ကော်မတီသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်ကို လုပ်ငန်းလိုင်စင် ခွင့်ပြု ရာတွင် မြေဧရိယာအကျယ်အဝန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းပမာဏအလိုက် -

(က) အပန်းဖြေစခန်းဖြစ်ပါက တစ်ကြိမ်လျှင် ဧက (၅၀) ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်။ ခွင့်ပြု ထားသည့်အကျယ်အဝန်း၏ ၇၅ ရာခိုင်နှုန်းကို (၃)နှစ်အတွင်း အပြည့်အဝဆောင်ရွက်ပြီး ဖြစ်ပါက ထပ်မံ၍ တစ်ကြိမ်လျှင်ဧက(၅၀)ထက်မပိုစေဘဲ စုစုပေါင်းဧက (၂၀၀) အထိ အကြိမ်ကြိမ် ခွင့်ပြုနိုင်သည်၊

(ခ) တိရစ္ဆာန်ဥယျာဉ်ဖြစ်ပါက ဧက (၂၀၀) ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်၊

(ဂ) ရုက္ခဗေဒဥယျာဉ်ဖြစ်ပါက ဧက (၁၀၀) ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်။

၁၉။ ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင် ခွင့်ပြုထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်တို့၏ ဧရိယာအကျယ်အဝန်းကို ပြင်ဆင်ခြင်းပြုနိုင်သည်။

၂၀။ ကော်မတီသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်လုပ်ငန်းလိုင်စင် ခွင့်ပြုသည့် အချိန်ကာလနှင့်စပ်လျဉ်း၍ စတင်ခွင့်ပြုသည့်နှစ်မှစ၍ နှစ်ပေါင်း (၃၀) ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

၂၁။ ကော်မတီသည် ပုဒ်မ ၂၀ အရ ခွင့်ပြုခဲ့ခြင်းကို လုပ်ငန်းလိုင်စင် ရရှိသူက လုပ်ငန်းလိုင်စင်သက်တမ်းတိုးရန် လျှောက်ထားခြင်းအပေါ် စီစစ်ပြီးခွင့်ပြုနိုင်သည်။ ထိုသို့ခွင့်ပြုသည့်အခါ လိုင်စင်သက်တမ်းတိုးမြှင့်ခကိုလည်း ကောက်ခံနိုင်သည်။

၂၂။ ကော်မတီသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင်ကို နိုင်ငံခြားသားများမှလျှောက်ထားလာပါက အစိုးရအဖွဲ့ထံ တင်ပြသဘောတူညီချက်ရယူပြီး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း(၇)
## မြို့နယ်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၂၃။ ကော်မတီသည် မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်းကို ဆောင်ရွက်နိုင်သည် -

| | | |
|---|---|---|
| (က) | မြို့နယ်သစ်တောအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဇ) အရာရှိကိုယ်စားလှယ် အဖွဲ့ဝင်
မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး

(ဈ) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂၄။ မြို့နယ်ကြီးကြပ်ရေးအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီမှ တာဝန်ပေးအပ်ချက်အရ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို ကော်မတီသို့ တင်ပြခြင်း၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် တည်ထောင်ထားသည့် နယ်မြေဒေသရှိအများပြည်သူတို့၏အခွင့်အရေး ထိခိုက်နစ်နာမှုများကို ကော်မတီသို့တင်ပြခြင်း၊

(ဂ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင်ရရှိသူက စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို ကော်မတီသို့တင်ပြခြင်း၊

(ဃ) တည်ထောင်ထားရှိသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်အတွင်း သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကြည့်ရှုလေ့လာခြင်းနှင့်အပန်းဖြေခြင်းတို့ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ကြီးကြပ်ခြင်း၊

(င) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်သို့အန္တရာယ်များ မကျရောက်စေရေးနှင့် ထိခိုက်နှောင့်ယှက်မှုများမရှိစေရေးတို့အတွက် ဆောင်ရွက်ထားရှိခြင်းများကို ကြီးကြပ်ခြင်း။

## အခန်း(၈)
## လုပ်ငန်းလိုင်စင်ခ

၂၅။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင်ခ၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခတို့ကို ကင်းလွတ်ခွင့်ပြုနိုင်သည်။

၂၆။ လုပ်ငန်းလိုင်စင်ပြန်လည်ရုပ်သိမ်းခံရသူသည် ပေးသွင်းထားသော လုပ်ငန်းလိုင်စင်ခကိုပြန်လည်တောင်းခံခွင့် မရှိစေရ။

## အခန်း(၉)
## အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်လုပ်ငန်းလိုင်စင် ရသူများအား ပံ့ပိုးကူညီခြင်း

၂၇။ ကော်မတီသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင်ရသူက လုပ်ငန်းဆိုင်ရာ နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုအတွက်ချေးငွေရရှိလိုလျှင်လည်းကောင်း၊ ပံ့ပိုးပစ္စည်းနှင့် ဝန်ဆောင်မှုအကူအညီရရှိလိုလျှင်လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်းကူညီပေးနိုင်သည်။

## အခန်း(၁၀)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၈။ လုပ်ငန်းလိုင်စင်ရသူသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်သည့်စည်းကမ်းချက်များကို သတ်မှတ်ရမည် -

(က) သတ်မှတ်သည့်စည်းကမ်းနှင့်မညီညွတ်ဘဲ ဝင်ရောက်ခြင်း၊ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိပဲ ဝင်ရောက်ခြင်း မပြုရ၊

(ခ) လူတို့မွေးမြူထားသော တိရစ္ဆာန်များ စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း မပြုရ၊

(ဂ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင်အနှောင့်အယှက်ပေးခြင်း မပြုရ၊

(ဃ) စီးပွားရေးအလို့ငှာ သို့မဟုတ် အကြောင်းကိစ္စရပ်တစ်ခုခုအတွက် ခွင့်ပြုချက်မရှိဘဲ ရုပ်ရှင် သို့မဟုတ် ဗွီဒီယို၊ ကင်မရာများ ယူဆောင်ရိုက်ကူးခြင်း မပြုရ၊

(င) သဘာဝအပင်နှင့်စိုက်ပျိုးထားသော အပင်တစ်မျိုးမျိုးကို ခွင့်ပြုချက်မရှိဘဲ ခူးဆွတ်ခြင်း၊ ချိုးဖဲ့ခြင်း၊ ခိုးယူခြင်း မပြုရ၊

(စ) မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သောမဖွယ်မရာ မပြုရ။

၂၉။ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင်ရသူသည် ပုဒ်မ ၂၈ အရ တားမြစ်ထားသော စည်းကမ်းချက်များကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ကျူးလွန်သူအား အရေးယူရန် မြို့နယ်သစ်တောအရာရှိထံ တင်ပြရမည်။

၃၀။ မြို့နယ်သစ်တောအရာရှိသည် ပုဒ်မ ၂၉ အရ တင်ပြချက်အား စိစစ်ပြီး မှန်ကန်ကြောင်း တွေ့ရှိပါက ကျူးလွန်သူအား ဒဏ်ကြေးငွေကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း)အထိ ပေးဆောင်စေရန် စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်နိုင်သည်။

၃၁။ မြို့နယ်သစ်တောအရာရှိသည် စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်၍ ရရှိသည့်ဒဏ်ကြေးငွေကို ဌာနရငွေ စာရင်းသို့ ပေးသွင်းရမည်။

## အခန်း(၁၁)
## အယူခံခြင်း

၃၂။ (က) ပုဒ်မ ၃၀ အရ မြို့နယ်သစ်တောအရာရှိက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်း ခရိုင်သစ်တောအရာရှိထံ အယူခံဝင်နိုင်သည်၊

(ခ) ခရိုင်သစ်တောအရာရှိသည် မြို့နယ်သစ်တောအရာရှိက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၃။ (က) ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ) အရ ခရိုင်သစ်တောအရာရှိက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်းကော်မတီထံ အယူခံဝင်နိုင်သည်၊

(ခ) ကော်မတီသည် ခရိုင်သစ်တောအရာရှိက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၄။ (က) ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှရက်ပေါင်း (၃၀)အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်၊

(ခ) အစိုးရအဖွဲ့သည် ကော်မတီကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်၊

(ဂ) အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

## အခန်း(၁၂)
## တားမြစ်ချက်များ

၃၅။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်တို့ကို တည်ထောင်ခြင်းမပြုရ။

၃၆။ မည်သူမျှ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ-

(က) စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊

(ခ) တည်ဆဲဥပဒေနှင့်အညီမဟုတ်ဘဲ ပြပွဲပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပွဲလမ်းသဘင်များ၊ အခမ်းအနားများ ကျင်းပခြင်း၊

(ဂ) တည်ဆဲဥပဒေနှင့်အညီမဟုတ်ဘဲ စီးပွားရေးအလို့ငှာ ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခြင်း၊ ပျိုးခြံများတည်ထောင်ခြင်း၊ ပျိုးပင်အရောင်းဆိုင်ဖွင့်လှစ်ခြင်း၊

(ဃ) ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း၊

(င) အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ၊ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(စ) သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

၃၇။ ဤဥပဒေအရ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်သည်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

## အခန်း(၁၃)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၈။ မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ်ခြောက်လအထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀၀ (ကျပ်ငါးသိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၉။ မည်သူမဆို ပုဒ်မ ၃၆၊ ပုဒ်မခွဲ (က) (ခ) (ဂ) (ဃ) (င) (စ)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်သုံးလအထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအားထောင်ဒဏ် တစ်လအထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၁၄)
## အထွေထွေ

၄၁။ ဤဥပဒေအရ တရားစွဲဆိုရာတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၄၂။ ဤဥပဒေအရ အရေးယူသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၃။ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်ရှိမြေတွင် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်တည်ထောင်လိုသူသည် တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ရယူပြီး လုပ်ငန်းလိုင်စင် ရရှိရန် ညွှန်ကြားရေးမှူးမှတစ်ဆင့် ကော်မတီသို့ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားရာတွင် လုပ်ငန်းလိုင်စင်ခ ကင်းလွတ်ခွင့်ပြုရန် ထည့်သွင်းလျှောက်ထားနိုင်သည်။

၄၄။ ဤဥပဒေမပြဋ္ဌာန်းမီ တည်ထောင်ထားသော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တို့သည် ဤဥပဒေနှင့်အကျုံးဝင်စေရမည်။

၄၅။ ပုဒ်မ ၄၄ ပြဋ္ဌာန်းချက်သည် စည်ပင်သာယာရေးအဖွဲ့ပိုင်ပန်းခြံ၊ အပန်းဖြေစခန်း၊ ဥယျာဉ်များနှင့် အကျုံးမဝင် စေရ။

၄၆။ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင် ရရှိသူသည် ကော်မတီ၏ ခွင့်ပြုချက်ဖြင့် မိမိလုပ်ငန်းလိုင်စင်ကို အခြားသူသို့ လွှဲပြောင်းပေးနိုင်သည်။

၄၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

အုန်းမြင့်

ဝန်ကြီးချုပ်

မွန်ပြည်နယ်အစိုးရအဖွဲ့